## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
## ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ်
## “Myanmar Be Enchanted (စွဲမက်ဖွယ်ရာပြည်မြန်မာ)” Short Video ပြိုင်ပွဲ

၁။ ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားအတွက် Short Video ပြိုင်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး ထူးချွန်ထက်မြက်သော Video ပညာရှင်များ ပေါ်ထွန်းလာရေး၊ ဆုရရှိသော Video များ ပြသခြင်းဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရီးစဉ်ဒေသ၊ ခရီးသွားဆွဲဆောင်မှုများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ ပွဲတော်များနှင့် မြန်မာ့ရိုးရာအစားအစာများကို ဖော်ထုတ်မြှင့်တင်ရန် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ **“Myanmar Be Enchanted (စွဲမက်ဖွယ်ရာ ပြည်မြန်မာ)”** Short Video ပြိုင်ပွဲကို စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားအားလုံး ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ဝင်ရောက်ယှဉ်ပြိုင်ရမည့်အစီအစဉ်

| | | |
|---|---|---|
| (က) | ပြိုင်ပွဲဝင်ခွင့်လက်ခံမည့်ကာလ | -(၂၆-၆-၂၀၂၄) မှ (၁၆-၈-၂၀၂၄) ရက်နေ့အထိ |
| (ခ) | စိစစ်ရွေးချယ်မည့်ကာလ | -(၂၂-၈-၂၀၂၄) မှ (၂၇-၈-၂၀၂၄) ရက်နေ့အထိ |
| (ဂ) | ဆုရရှိသူများအား ကြေညာမည့်နေ့ရက် | -(၆-၉-၂၀၂၄) ရက်နေ့ |
| (ဃ) | ပြိုင်ပွဲဝင်ခွင့်တင်သွင်းရမည့်လိပ်စာ | -ရုံးအမှတ်(၃၃)၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ခရီးသွားမြှင့်တင်ရေးဌာနခွဲ၊ နေပြည်တော်။ |
| (င) | ဆုကြေးသတ်မှတ်ချက် | - ပထမဆု - (၁၅) သိန်း<br>- ဒုတိယဆု - (၁၂) သိန်း<br>- တတိယဆု - (၁၀) သိန်း<br>- နှစ်သိမ့်ဆု (၅) ဆု - (တစ်ဆုလျှင် (၃) သိန်းစီ) |

၃။ ပြိုင်ပွဲဝင်ခွင့်ပုံစံနှင့် စည်းကမ်းချက်များကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ Website ဖြစ်သော https://tourism.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပြိုင်ပွဲဝင်ခွင့်ပုံစံများကို ဖော်ပြပါ QR Code ကို Scan ဖတ်၍လည်းကောင်း၊ https://moht.qrd.by/video တွင် လည်းကောင်း Download ရယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ခရီးသွားမြှင့်တင်ရေး ဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း၊၀၉-၄၂၀၇၂၃၇၅၁၊ ၀၆၇၃-၄၀၆၄၇၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

၄။ ပြိုင်ပွဲဝင်များအနေဖြင့် အမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်နှင့် အချက်အလက်တို့ကို ပြိုင်ပွဲဝင်ခွင့်ပုံစံတွင် ပြည့်စုံစွာ ဖြည့်စွက်၍ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့၊ နေ့လယ် (၁၃:၀၀)နာရီ နောက်ဆုံးထား ပေးပို့ရပါမည်။

၅။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ Website https://tourism.gov.mm တွင် ကြေညာပေးသွားမည်ဖြစ်ပြီး ပထမ ၊ ဒုတိယနှင့် တတိယ ရရှိသူများအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့တွင် ကျင်းပမည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနား၌ ဆုများကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

**Video ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ**

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

**ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ်**

**"Myanmar Be Enchanted (စွဲမက်ဖွယ်ရာပြည်မြန်မာ)" Video ပြိုင်ပွဲဝင်ခွင့်ပုံစံ**

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ လ၊ ရက်

သို့

ညွှန်ကြားရေးမှူးချုပ်

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

၁။ ကျွန်တော်/ကျွန်မသည် **"Myanmar Be Enchanted (စွဲမက်ဖွယ်ရာပြည်မြန်မာ)"** Video ပြိုင်ပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရီးစဉ်ဒေသ၊ ခရီးသွားဆွဲဆောင်မှုများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ ပွဲတော်များနှင့် မြန်မာ့ရိုးရာအစားအစာများအကြောင်း ရိုက်ကူးထားသော Video ပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်လိုပါသဖြင့် အောက်ပါအချက်အလက်များဖြင့် လျှောက်ထားအပ်ပါသည်-

(က) အမည် -----------------------------------------------------

(ခ) နိုင်ငံသားကဒ်အမှတ် -----------------------------------------------------

(ဂ) ဆက်သွယ်ရန်လိပ်စာ -----------------------------------------------------

-----------------------------------------------------

(ဃ) ဆက်သွယ်ရန်ဖုန်းနံပါတ် -----------------------------------------------------

(င) Video ၏တည်နေရာအပြည့်အစုံ -----------------------------------------------------
(မြန်မာ/အင်္ဂလိပ်) -----------------------------------------------------

(စ) Video အကြောင်းအရာအပြည့်အစုံ -----------------------------------------------------
(မြန်မာ/အင်္ဂလိပ်) -----------------------------------------------------

၂။ အထက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံမှန်ကန်ပါကြောင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပြိုင်ပွဲစည်းကမ်းများကို သေချာဖတ်ရှုနားလည်ပြီး သဘောတူလက်ခံကြောင်းနှင့် ကိုယ်တိုင်ရိုက်ကူးထားသည့် Video များဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်၊

အမည် ၊

## ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ် ခရီးစဉ်ဒေသဆိုင်ရာ Short Video ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းဖိတ်ခေါ်ခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၂၇) ရက်နေ့တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် **"Myanmar Be Enchanted (စွဲမက်ဖွယ်ရာပြည်မြန်မာ)"** ခေါင်းစဉ်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရီးစဉ်ဒေသ၊ ခရီးသွားဆွဲဆောင်မှုများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ ပွဲတော်များနှင့် မြန်မာ့ရိုးရာအစားအစာများအကြောင်း ရိုက်ကူးထားသော Short Video ပြိုင်ပွဲအား မြန်မာနိုင်ငံသားမည်သူမဆို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ယှဉ်ပြိုင်မှုခေါင်းစဉ်နှင့် ရိုက်ကူးချက်များကို မြန်မာဘာသာ (သို့) အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရမည်။

(ခ) ပါဝင်သူများအားလုံးသည် အသက် ၁၈ နှစ်အထက် ဝါသနာရှင်များပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ဂ) ပြိုင်ပွဲဝင်တစ်ဦး/တစ်ဖွဲ့လျှင် Video တစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါမည်။

(ဃ) ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှုသည် ကိုယ်တိုင်ဖန်တီးမှုသာဖြစ်ရမည်။ ပြိုင်ပွဲဝင်လက်ရာများသည် ဆုရရှိခဲ့သောလက်ရာ၊ စီးပွားရေးကြော်ငြာ၊ ပုံနှိပ်ထုတ်ဝေမီဒီယာ၊ ဝက်ဆိုဒ်ဘ်များ၊ Facebook၊ အခြား Social Media Platform များနှင့် အခြားသူများ၏ ဖန်တီးထားသော လက်ရာများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရပါ။

(င) ပြိုင်ပွဲဝင်များ၏ ဖန်တီးထားသော Video သည် သတ်မှတ်ထားသည့် ခေါင်းစဉ်နှင့် ကိုက်ညီမှုရှိရမည်။

(စ) ဖန်တီးထားသော Video သည် ၃ မိနစ်ထက်မနည်းရ၊ ၅ မိနစ်ထက်မပိုရပါ။

(ဆ) ပြိုင်ပွဲဝင် Video သည် အရည်အသွေးစံနှုန်းများနှင့်ကိုက်ညီရန် အနိမ့်ဆုံး Full HD ရုပ်ထွက် (1920 x 1080 pixels) နှင့် Code X.264 MP4 ရှိရပါမည်။

(ဇ) ပြိုင်ပွဲဝင်သူများသည် Video တွင် အသုံးပြုထားသည့် မည်သည့်အကြောင်းအရာ (ဂီတ၊ ရုပ်ပုံ၊ Video များအပါအဝင်) အတွက် လိုအပ်သော အချက်အလက်များနှင့် ခွင့်ပြုချက်များကို ကိုင်ဆောင်ထားရပါမည်။ Video သည် မူပိုင်ခွင့်ချိုးဖောက်မှုကင်းစင်ရမည်ဖြစ်ပြီး မူပိုင်ခွင့်ဥပဒေများကို ချိုးဖောက်သော အကြောင်းအရာများကို တွေ့ရှိရပါက ဖယ်ရှားပစ်မည်ဖြစ်ပါသည်။

(ဈ) ပြိုင်ပွဲဝင် Video များတွင် ဥပဒေနှင့်မကင်းလွတ်ခြင်း၊ စော်ကားခြင်း၊ အသရေဖျက်ခြင်း သို့မဟုတ် မသင့်လျော်သော အကြောင်းအရာများ မပါဝင်ရပါ။

(ည) ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (၂၀၂၄) တွင် ဆုရရှိသူသည် Video ၏မူလပိုင်ရှင် ဖြစ်သော်လည်း Video များအား အသုံးပြုခွင့်ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသို့ ခွင့်ပြုပေးရမည်ဖြစ်သည်။

(ဋ) ပြိုင်ပွဲဝင် Video များနှင့်ပြိုင်ပွဲဝင်များ၏ အမည်များအား ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ အများပြည်သူသိရှိနိုင်စေရန် ထုတ်လွှင့်အသုံးပြုခြင်းအား ပြိုင်ပွဲဝင်ထံတွင် ခွင့်ပြုချက်တောင်းခံမည်မဟုတ်ပါ။

(ဌ) ပြိုင်ပွဲဝင်များသည် ကြီးကြပ်အမှတ်ပေးသူများ၊ အကဲဖြတ်သူများနှင့် ၎င်းတို့နှင့် သက်ဆိုင်သော မိသားစုဝင်များ ပါဝင်ယှဉ်ပြိုင်မှုမရှိစေရ။

(ဍ) တရားဝင်အမည်တစ်ခုဖြင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမည်ခွဲများ၊ ကလောင်ခွဲများဖြင့် ပါဝင်ယှဉ်ပြိုင်ပါက အဆိုပါပြိုင်ပွဲ၏ဆုကို ပယ်ဖျက်ခြင်းခံရမည်။

(ဎ) ဆုမရရှိသော Video များအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။သို့ရာတွင် ဆုမရရှိသော Video များအား ဝန်ကြီးဌာနမှ အသုံးပြုမည်ဆိုပါက ကာယကံရှင်၏ ညှိနှိုင်းသဘောတူညီချက်ဖြင့် အသုံးပြုသွားမည်ဖြစ်ပါသည်။

(ဏ) ပြိုင်ပွဲဝင်များသည် ဖန်တီးထားသော Video များကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့၊ (၁၅:၀၀)နာရီထက် နောက်မကျဘဲတင်သွင်းရမည်ဖြစ်ပါသည်။ ဤရက်စွဲထက် နောက်ကျ ၍ တင်သွင်းမှုများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(တ) ပြိုင်ပွဲဝင်၏ ဖန်တီးထားသော Video Soft Copy အား အနိမ့်ဆုံး Full HD ရုပ်ထွက် (1920 x 1080 pixels)Code X.264 MP4 ဖြင့် visitmyanmarnow@gmail.com, info@tourism.gov.mm သို့လည်းကောင်း၊ Hard Copy အား Memory Stick (သို့မဟုတ်) DVD (သို့မဟုတ်) VCD ဖြင့် ရုံးအမှတ် (၃၃)၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း ပေးပို့တင်သွင်းနိုင်ပါသည်။

(ထ ) ပြိုင်ပွဲဝင်များအနေဖြင့် Video များပေးပို့တင်သွင်းရာတွင် ပြိုင်ပွဲဝင်၏အမည် (သို့မဟုတ်) ပြိုင်ပွဲဝင်အဖွဲ့အမည်နှင့် အဖွဲ့ခေါင်းဆောင်အပါအဝင် အဖွဲ့ဝင်များအားလုံး၏ အမည်အပြည့်အစုံစသည်တို့ကို Paper Size A4၊ Pyidaungsu Font နှင့် Font Size-13 ဖြင့် ဖော်ပြရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် Video ၏ အကြောင်းအရာ အကျဉ်းချုပ်ဖော်ပြချက်၊ Background Music ရယူထားသည့် Source ဖော်ပြချက်၊ ကိုယ်တိုင်ဖန်တီးထားခြင်းဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ အမည်၊ အသက်၊ မှတ်ပုံတင်အမှတ်၊ အဘအမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ လိုင်စင်ဓာတ်ပုံ (၃)ပုံတို့နှင့် အတူ ပေးပို့ရမည်ဖြစ်ပါသည်။